①ပြန်လည်ပြည်ဝင်ခွင့်ဖြင့် ဂျပန်မှထွက်ခွာနေဆဲတွင် နေထိုင်ခွင့်ကာလ ကျော်လွန်သွားသူများ၊ ②နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ်၏ အကျုံးဝင်သက်တမ်း ကုန်သွားသူများ နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ် ရရှိရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍

၂၀၂၀ခုနှစ် ဇွန်လ ၂၆ရက်
(၂၀၂၂ခုနှစ် အောက်တိုဘာလ ၇ ရက် တွင်မွမ်းမံသည်)
လူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်ခွင့်ရေးရာစီမံခန့်ခွဲရေးဌာန
Immigration Services Agency of Japan

အောက်ပါ ① နှင့် ② အတိုင်း တင်သွင်းရန်စာရွက်စာတမ်းများကို ရိုးရှင်းလွယ်ကူအောင် ပြုလုပ်မည်။ တစ်ဖန် ပုံမှန်ထက် မြန်ဆန်စွာ သုံးသပ်စစ်ဆေးပါမည်။

| | ① ပြန်လည်ပြည်ဝင်ခွင့်ဖြင့် ဂျပန်မှထွက်ခွာနေဆဲတွင် နေထိုင်ခွင့်ကာလ ကျော်လွန်သွားသူများ | ② နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက် လက်မှတ်၏ အကျုံးဝင်သက်တမ်း ကုန်သွားသူများ |
|---|---|---|
| အခြေအနေများ | **○ ပြန်လည်ပြည်ဝင်ခွင့်ဖြင့် ဂျပန်မှမထွက်ခွာစဉ်မှစ၍၊ လုပ်ရှားမှုအကြောင်းအရာနှင့် မိမိနှင့်ပက်သက်၍ ပြောင်းလဲရန်မရှိသူများ။**<br><br>**○ ပြန်လည့်ပြည်ဝင်ခွင့် ခွင့်ပြုချက်အရ ပြည်ဝင်ခွင့်နောက်ဆုံးရက်မှာ ၂၀၂၀ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၀၂၃ခုနှစ် ဧပြီလ ၃၀ ရက်အတွင်းဖြစ်သည်။**<br><br>(မှတ်ချက် ၁) နေထိုင်ခွင့်ကာလ သက်တမ်းကုန်သည့်ရက်အထိ ၁လမျှပင် မလိုတော့သူများတွင်၊ သက်တမ်းကာလအတွင်း ပြည်လည်ပြည်ဝင်ရန် ရည်ရွယ်မထားသူများလည်းပါဝင်သည်။<br>(မှတ်ချက် ၂) ယာယီပြန်လည်ပြည်ဝင်ခွင့်လည်း ပါဝင်သည်။<br>(မှတ်ချက် ၃) "အဆင့်မြင့်ကျွမ်းကျင်ဝန်ထမ်း အမှတ်စဉ် ၂"အနေဖြင့် နေထိုင်ခဲ့သူများမှာ ယခင်လှုပ်ရှားမှုများ အလိုက် "အဆင့်မြင့်ကျွမ်းကျင်ဝန်ထမ်း အမှတ်စဉ် ၁" (i,ro,ha မှ တစ်ခုခု။) ဖြင့် လျှောက်ထားပါ။ | **○ ယခင်လျှောက်ထားသည့် အကြောင်းအရာများမှ ပြောင်းလဲရန်မရှိ သူများ။**<br>**※ ထို့အပြင် နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက် လက်မှတ် ၏ အကျုံးဝင်သက်တမ်းသည် ပုံမှန်မှာ ၃လအကြာထိ သက်တမ်းရှိသော်လည်း၊ ခြွင်းချက်အနေဖြင့် ထိုထောက်ခံချက် လက်မှတ်အား ပြုလုပ်ခဲ့သည့် အချိန်ကာလပေါ်မူတည်၍ အသီးသီးသက်တမ်းမကုန်သေး ဟုယူဆသည့် ကာလကို သတ်မှတ်ထားပါသည်။ (အသေးစိတ်ကို ဤနေရာတွင် ကြည့်ပါ။)**<br><br>(မှတ်ချက်) ဂျပန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်မည့်ရက်တွင် နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက် လက်မှတ်၏ အကျုံးဝင်သက်တမ်း ကုန်မည့်သူ များလည်း ပါဝင်သည်။ |
| လိုအပ်သောစာရွက်စာတမ်းများ | • **လျှောက်လွှာ**<br>※ နေထိုင်ခွင့်အရည်အချင်းနှင့် ကိုက်ညီသော "နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက် လက်မှတ်ရရှိရန် လျှောက်လွှာ"ကို အသုံးပြုရန် မေတ္တာရပ်ခံပါသည်။<br>• **လက်ခံအေဂျင်စီမှ ရေးသားထားသော အကြောင်းပြစာ**<br>※ ပူးတွဲပါသော ကိုးကားပုံစံ(နောက်ဆက်တွဲ ၁ အတွက်၊ နောက်ဆက်တွဲ ၂ အတွက်)တို့ကို ကိုးကားပြီး ရေးရန် မေတ္တာရပ်ခံပါသည်။<br>• **ယခင် နေထိုင်ခွင့်ကတ်ပြား၏ မိတ္တူ**<br>※ ကတ်ပေါ် ရှိ အချက်အလက်များကို အတည်ပြု၍ရနိုင်ပါက ဓါတ်ပုံနှင့် FAX ဖြင့်လည်းရသည်။ မတင်သွင်းနိုင်ပါက အကြောင်းပြချက်ကို ဖြည့်သွင်းထားသည့် ရှင်းပြစာ(ကြိုက်ရာပုံစံဖြင့်)ကို တင်သွင်းရန် မေတ္တာရပ်ခံပါသည်။ | • **လျှောက်လွှာ**<br>※ နေထိုင်ခွင့်အရည်အချင်းနှင့် ကိုက်ညီသော "နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက် လက်မှတ်ရရှိရန် လျှောက်လွှာ"ကို အသုံးပြုရန် မေတ္တာရပ်ခံပါသည်။<br>• **လက်ခံအေဂျင်စီမှ ရေးသားထားသော အကြောင်းပြစာ**<br>※ ပူးတွဲပါသော ကိုးကားပုံစံ(နောက်ဆက်တွဲ ၁ အတွက်၊ နောက်ဆက်တွဲ ၂ အတွက်)တို့ကို ကိုးကားပြီး ရေးရန် မေတ္တာရပ်ခံပါသည်။<br>• **ထုတ်ပေးထားပြီးသော နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက် လက်မှတ် (မူရင်း (သို့) မိတ္တူ)**<br>※ အကယ်၍ သင်သည် ဗီဇာလျှောက်ထားသောအခါ နေထိုင်ခွင့် အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ်ကို တင်သွင်းပြီး ဖြစ်သောအကြောင့် ထုတ်ပေးထားပြီးသော နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက် လက်မှတ် မူရင်း (သို့) မိတ္တူကို ပူးတွဲပြီး မတင်ပြနိုင်ပါက ကျေးဇူးပြု၍ ဘာကြောင့် မတင်သွင်းနိုင်ကြောင်းကို သီးခြားရေးသားထားသော ရှင်းပြစာ (ကြိုက်ရာပုံစံဖြင့်) သို့မဟုတ် ဗီဇာလျှောက်လွှာ၏ လက်ခံဖြတ်ပိုင်း မိတ္တူတစ်စုံကို ပူးတွဲပို့ပေးပါ။ |
| လျှောက်ထားရမည့်ကာလ | • **၂၀၂၃ ခုနှစ် ဧပြီလ ၃၀ ရက်နေ့အထိ** | • **ဇန်နဝါရီ ၃၁၊ ၂၀၂၃ အထိ** |

➢ လုပ်ဆောင်မည့်ကာလသည် နှစ်ခုစာလုံး ၃ပတ်ခန့်ကြာမည်ဟု ခန့်မှန်းသည်။ ①တွင် ယခင်ခွင့်ပြုချက်၊ ②တွင် ယခင် နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက် လက်မှတ် လျှောက်ထားချိန်မှ မိမိနှင့်ပက်သက်၍ ပြောင်းလဲခြင်းရှိခဲ့ပါက၊ လိုအပ်သလို အခြားသော သက်သေခံစာရွက်စာတမ်းများတင်သွင်းရန် တောင်းဆိုခံရသည်များရှိသည် (ထိုသို့ဖြစ်ခဲ့ပါက သုံးသပ်စစ်ဆေးရန် အချိန်ကြာသည်များ ရှိသည်။)။

**အောက်ဖော်ပြပါ လုပ်ဆောင်မှုသည် ၂၀၂၃ ခုနှစ် ဧပြီလ ၃၀ ရက်နေ့အထိ သာ ရရှိနိုင်ပါသည်။ *အသေးစိတ်အတွက် လင့်ခ် တစ်ခုချင်းစီကို ကြည့်ပါ။**

➢ နေထိုင်ခွင့်အရည်အချင်း"အမြဲတမ်းနေထိုင်သူ"၊ "အခြေချနေထိုင်သူ"နှင့် "အထူးလှုပ်ရှားမှု"များမှ အသိပေးခြင်းမရှိသော လုပ်ရှားမှုများအဖြစ်သတ်မှတ်ခံထားရသူများမှာ၊ နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက် လက်မှတ် မရရှိနိုင်သူများဖြစ်၍ နိုင်ငံခြားသံတမန်ရေးရာဦးစီးဌာတွင် ဗီဇာလျှောက်ပါ (အသေးစိတ်ကို ဤနေရာ (အမြဲတမ်းနေထိုင်သူ) သို့မဟုတ် ဤနေရာ ("အခြေချနေထိုင်သူ"နှင့် "အထူးလှုပ်ရှားမှု") တွင်ကြည့်ပါ။
တစ်ဖန် အခြားသော နေထိုင်ခွင့်အရည်အချင်းများကို ရည်မှန်းထားပြီး၊ ဂျပန်တွင် ကိုယ်စားလှယ်လျှောက်ထားပေးသူ မရှိပါကလည်း နိုင်ငံခြားသံတမန်ရေးရာဦးစီးဌာတွင် ဗီဇာလျှောက်ပါ။